# တက်နွယ်ကျောင်းကျောက်စာမှ တိုင်းရင်းဆေးမှတ်တမ်း

ဒေါက်တာမိုးဆွေ၊ ဒေါက်တာသံလွင်ထွန်း၊ နေနေနိုင်ရည်၊ လွင်မြင့်သူ
တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

တက်နွယ်ကျောင်းကျောက်စာကို မြန်မာသက္ကရာဇ် (၈၁၄-၈၃၀) ခရစ်သက္ကရာဇ် နရပတိမင်းလက်ထက်တွင် ရေးထိုးခဲ့ပြီး ၎င်းကျောက်စာသည် တိုင်းရင်းဆေးမှတ်တမ်းတွင် အခိုင်အမာတွေ့ရှိရသော အထောက်အထားဖြစ်ပြီး တောင်တွင်းမင်း မင်းသီရိဇေယျသူရနှင့် ဇနီး စောပြည့်ချမ်းသာတို့က သံသရာ၏ ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ကိုရလို၍ ၁၄၄၂ ခုနှစ်တွင် တက်နွယ်ချောင်း၏အနီး၌ ကျောင်းကြီးဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ တက်နွယ်ကျောင်းသည် ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ ရွှေစည်းခုံဘုရား၏ အနောက်တောင် ဘက်တွင် တည်ရှိပြီး ဝက်ကြီးအင်းရွာနှင့် ရွှေချောင်း(ခေါ်) တက်နွယ်ချောင်း၏ အရှေ့ဘက်တွင် တည်ရှိသည်။ ၎င်းကျောင်းကြီး၏ ပထမဆုံးကျောင်းထိုင်ဆရာတော်မှာ ရှင်ဥတ္တမကျော် ဖြစ်သည်။

တက်နွယ်ကျောင်းကျောက်စာသည် တက်နွယ်ချောင်းကို အစွဲပြုလျက် တက်နွယ်ကျောင်းကြီး၏ ကျောက်စာဖြစ်သောကြောင့် တက်နွယ်ကျောင်းကျောက်စာဟု အမည်တွင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ကုသိုလ်ကောင်းမှုအစုစုအတွက် အလှူ့ရှင်က မယားသား မြေးနှင့်တကွ စကြာဝတေးမင်းအဖြစ် ဘဝပေါင်းများစွာဖြစ်ပြီးနောက် သိကြားမင်း အဖြစ် နတ်စည်းစိမ်ကို ကြိမ်ဖန်များစွာခံစားကာ လူ့ပြည်တွင် လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာ ဘုရားဖြစ်လျက် လူနတ်ဗြဟ္မာသတ္တဝါတို့အား နိဗ္ဗာန်သို့ပို့ဆောင်ပြီးမှ အဆုံးစွန်းတွင် နိဗ္ဗာန်ရရန်ဆုတောင်းခဲ့ပါသည်။ ဗုဒ္ဓပိဋကတ်တော်များသာမက လောကီလောကုတ္တရာ စာပေကျမ်းဂန်များစွာတို့ကို လှူဒါန်းခဲ့ကြောင်း အကျယ်တဝင့် ရေးထိုးခဲ့သည့် အလှူ မှတ်တမ်းကျောက်စာဖြစ်သည်။ တောင်တွင်းမင်းသီရိဇေယျသူရသည် လှူဒါန်းခဲ့သော ကျောင်း၊ ပိဋကတ်၊ ဗေဒင်ကျမ်းများ၊ မြေများကို ကာလကြာရှည်တည်တံ့စေလိုပြီး ပျက်စီးက

ပြင်စေလိုသည်။ နောင်အခါ အငြင်းပွားခြင်းစသော အမှုအခင်းမဖြစ်စေရန် နယ်နိမိတ် သတ်မှတ်၍ ကျောက်စာရေးထိုးမှတ်တမ်းတင်ခဲ့သည်။ ကျောင်း၊ မဟာရံတံတိုင်း၊ ပိဋကတ် ကျမ်းများ ပျက်စီးလျှင် ကျောင်းထိုင်ဆရာတော်နှင့် ကျောင်းနေသံဃာများ ညီညွတ်စွာ စုပေါင်း၍ ဝတ်စာဖြင့် ပြင်ဆင်ရန် မှာကြားပါသည်။ပထမအင်းဝခေတ် (၇၂၆-၉၅၄) တွင် ပေါ်ပေါက်ခဲ့သော ဆေးပညာနှင့်စပ်လျဉ်း၍ အလွန်ခိုင်လုံစွာ မှတ်တမ်းတင်ခဲ့သော အချက် တစ်ရပ်မှာ ထူပါရုံဒါယကာ နရပတိကြီး (၈၀၄-၈၃၀) လက်ထက်တွင် ရေးထိုးခဲ့သည့် တက်နွယ်ကျောင်း ကျောက်စာ၌ ဆေးကျမ်းများကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုကျောက်စာတွင် မျက်နှာဘက်၊ ကျောဘက်၊ ဝဲဘက်၊ ယာဘက်ဟူ၍ လေးမျက်နှာ ပါရှိပါသည်။ မျက်နှာဘက်တွင် (၄၆)ကြောင်း၊ ကျောဘက်တွင် (၅၂)ကြောင်း၊ ဝဲဘက်တွင် (၄၆)ကြောင်းနှင့် ယာဘက်တွင် (၃၆)ကြောင်းပါရှိပါသည်။ ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် လက်ာစကားပြေရောထွေး၍ ရေးထိုးထားပါသည်။ ကျောက်စာတွင် ပိဋကတ်ဗေဒင်ကျမ်း များ လှူခဲ့ကြောင်းကျမ်းစာရင်းတွင်ပါရှိသည်ကို တွေ့ရှိရပါသည်။ အချို့ကျမ်း များမှာ မည်သည့်ကျမ်းများဖြစ်သည်ကို မဖော်ထုတ်နိုင်သည်လည်း တွေ့ရှိရပါသည်။ ကျောက်စာ၏ ပထမစာမျက်နှာနှင့် ဒုတိယစာမျက်နှာတွင် အဘိဓမ္မာကျမ်းများ၊ နိကာယ် ကျမ်းများကို ရေးထိုးထားပြီး ပိဋကတ်ကျမ်းများ၊ ဗေဒင်ကျမ်းများ ဆေးကျမ်း၊ သဒ္ဒါကျမ်းများ အမည်များကို ကျောက်စာ၏ တတိယမျက်နှာနှင့် စတုတ္ထမျက်နှာတို့၌ ဖော်ပြထား ပါသည်။

တက်နွယ်ကျောင်း ကျောက်စာလာ ကျမ်းအမည်များကို သဒ္ဒါမှန်၊ ပုဒ်မှန်၊ ပါဌ်မှန် ပါရှိပြီး ယခုခေတ်အသံထွက် ယခုခေတ်အရေးအတိုင်း ရေးရသော် တတိယမျက်နှာ၌ ပိ ဏ္ဍောဋီကာ၊ (တနည်း) ဗိန္ဒောဋီကာ၊ ကာ၊ ရောဂနိဒါန်း၊ ဒြဗျဂုဏ်၊ အမြဂုံတ္တဋီကာ၊ သာရသင်္ဂြိုဟ်၊ သာရပိဏ္ဍပဋ္ဌီပတ္တိသင်္ဂြိုဟ်၊ ယောဂယတြာဋီကာသ၊ တ္တောကဝိရ၊ သွပြကာသ၊ ရာဇမတ္တဏ်၊ ပရာသယ၊ ကောလ၊ တ္တဇဗြိဟတ်ဋီကာ၊ စတုတ္ထမျက်နှာ၌ အမရတု၊ တ်နိဃယည်း၊ ပိဏ္ဍောနိဃယည်း(ဗိန္ဒောနိဃယည်း)၊ ရောဂနိဒါန်း၊ ဗျာချာန်၊ ဋီကာ၊ အမြတုတ်၊ ဘေသဇ္ဇမဉ္ဇူသာ၊ ရာဇမတ္တဏ်ဋီကာ၊ သာရသင်္ဂြိုဟ်အမှီ၊ ယောဂ၊ ယာတြာအမှီ၊ ရောဂါနိဒါန်း အမှီ၊ သာရတ္တဝိန္တာအမှီ၊ ပါရာအမှီ၊ ရတ္တမာလာ၊ နံတို့ဟူ၍ ပါရှိပါသည်။ ၎င်းကျောက်စာပါ ဆေးကျမ်းများသည် ဆေးဘက်ဝင်အပင်များနှင့်ပတ်သက်၍ တတ်ကျွမ်းသိရှိမှု၊ ရောဂါဖြစ် ကြောင်းနိဒါန်း၊ ဆေးပစ္စည်းများ၏ ဂုဏ်သတ္တိ၊ အကျင့်သီလ ဆိုင်ရာများ၊ ဗေဒင်ယတြာများ၊ ဆေးဝါးများ ဖော်စပ်ပုံ၊ သွေးရောဂါဆိုင်ရာကုထုံးများ အကြောင်းကို ရေးသားမှတ်တမ်းတင် ထားသော ကျမ်းများဖြစ်ကြောင်း သိရှိရပါသည်။

အားလုံးကိုခြုံငုံ၍ သုံးသပ်လျှင် တက်နွယ်ကျောင်းကျောက်စာသည် သမိုင်းအထောက် အထားများစွာပါဝင်သည့် အင်းဝခေတ်တိုင်းရင်းဆေးပညာအခြေအနေကို ထင်ဟပ်လာသည့်

ကျောက်စာဖြစ်ကြောင်း တွေ့ရှိရပါသည်။ တက်နွယ်ကျောင်းကျောက်စာကို လေ့လာမှုအရ မြန်မာ့တိုင်းရင်းဆေးပညာသည် အထောက်အထားခိုင်မာစွာရှိခဲ့ပြီး ရှေးယခင်ကပင် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြောင်းကို လေ့လာတင်ပြအပ်ပါသည်။

ကျမ်းကိုး-


(၁) မြန်မာ့တိုင်းရင်းဆေးပညာသမိုင်း(၁၉၇၈)

(၂) တိုင်းရင်းဆေးတက္ကသိုလ်သင်ရိုးညွှန်းတမ်း (၂၀၀၁)

(၃) မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါ်အုန်းကြည်၏ လက်ရွေးစင်စာတမ်းများ(၂၀၀၄)

(၄) အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းလက်စွဲ (ဇွန်လ၊ ၂၀၀၈)

(၅) မချိုချိုနွယ် (တက်နွယ်ကျောင်း၏ ဗိသုကာနှင့် အနုပညာလက်ရာလေ့လာချက်၊ ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာဘွဲ့ကျမ်း၊ ၂၀၁၈)









